ငွေတောင်ကျေးရွာ

ငွေတောင်ကျေးရွာအုပ်စု၊ ပုသိမ်ကြီးမြို့နယ်

မန္တလေးတိုင်းဒေသကြီး

# ကေ◌ျ◌းရွာဖွံ့ဖြိုးရေးစီမံကိန်းစာတမ်း

## (ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေနှင့်

## ဦးစားပေးဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ)


စီမံကိန်းပြုစုရေးသားသည့်အဖွဲ့

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၊ ငွေတောင်ကျေးရွာ


(ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ပုသိမ်ကြီးမြို့နယ်၏

အကူအညီဖြင့် ရေးဆွဲပါသည်။)

ဩဂုတ်လ၊ ၂၀၁၉

## မာတိကာ

**မာတိကာ**

**စကားချီး**

**ငွေတောင်ကျေးရွာ သယံဇာတပြမြေပုံ၊ ပုသိမ်ကြီးမြို့နယ်**

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်**

**(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

( ခ ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

( ခ ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

( ခ ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

( ဂ ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် ကျွမ်းကျင်မှုများ

( င ) ပညာရေးနှင့်ကျွမ်းကျင်မှု

( စ ) ကျား–မ ရေးရာကိစ္စဆိုင်ရာ

**(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှု အခြေအနေများ**

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

( ခ ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ

( ဂ ) စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

( င ) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

( စ ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ**

**(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ**

**(၇) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် မြို့နယ်နှင့်အထက်အဆင့်ဆင့်မှ ကူညီဖြေရှင်းပေးရမည့် ကိစ္စများ**

**(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ**

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ

နောက်ဆက်တွဲများ

နောက်ဆက်တွဲ(၁) ကျေးရွာဖွံ့ဖြိုးရေးကော်မတီစာရင်း

နောက်ဆက်တွဲ(၂) ဦးစားပေးစီမံချက်ဇယား

နောက်ဆက်တွဲ(၃) ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြုဇယားများ

နောက်ဆက်တွဲ(၄) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုဇယား

နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက်အဆိုပြုလွှာ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

**(၉) ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်**

**(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့်အစီအစဉ်များ**

(က) ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အစည်းအဝေးများ

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

**(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း**

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာအကူအညီ

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၁၈/၁၉ဘဏ္ဍာရေးနှစ်မှ ၂၀၂၃/၂၄ခုနှစ်အထိ (၅)နှစ် ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူထုကိုယ်တိုင်ပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါတယ်။ စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများပံ့ပိုးပေးသော စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ ထို့အပြင် အရေးကြီးသော အချက် အလက်များနှင့် အကြံဉာဏ်ကောင်းများကို တက်တက်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေး မှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို စီစဉ်ဆောင် ရွက်ခဲ့ကြသော်လည်း လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ် ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေး၍ ညှိနှိုင်းအဖြေရှာကြရာ၌ ကူညီပံ့ပိုးပေးသော စီမံကိန်းရေး ဆွဲရေးကျွမ်းကျင်သူအဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှစီစဉ်ဆောင်ရွက်ပေး ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းရေးဆွဲရာတွင် ကိန်းဂဏန်း နှင့်သတင်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရေးဆွဲခဲ့ပါသည်။ ထို့ပြင် ထပ်မံ လိုအပ်သော ကိန်းဂဏန်းအချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာ များမှရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောစီမံကိန်းကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့် ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက် လာသည့်အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းစီမံကိန်းများကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။ စီမံကိန်းတွင်ဖော်ပြပါရှိသော ဦးစားပေး လုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ နောင်တွင် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ လုပ်ဆောင်မှုအခြေအနေများကို ဆန်းစစ် သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤစီမံကိန်းစာအုပ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ် ငန်းအစီအစဉ်တို့ ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေးလုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကထား၍ ဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံချက်ဆိုင်ရာအချက် အလက်နှင့်အကြောင်း အရာများဖြစ်ပြီး အဆိုပြုစီမံချက်လုပ်ငန်းများ၏ အသေးစိတ်အချက်အလက်များ ပါဝင်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ
ငွေတောင်ကျေးရွာ
ပုသိမ်ကြီးမြို့နယ်

၂၀၁၉ခုနှစ်၊ ဩဂုတ်လ

ငွေတောင်ကျေးရွာ သယံဇာတပြမြေပုံ၊ ပုသိမ်ကြီးမြို့နယ်

**ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်**

**(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု**

**(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကို နိုင်ငံတော်၏အကူအညီဖြင့် ရေးဆွဲရာတွင် ကျွန်တော်တို့ကျေးရွာလူထုကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ အစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်းနှင့် သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်းအကောင်အထည်ဖော်ရန် လိုအပ်သောနည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤစီမံကိန်းတွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသောပြဿနာများ၊ ထိုပြဿနာဖြစ်ရသည့်အကြောင်းအရင်းခံအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့အပြင် ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောနည်းလမ်းများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့်ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရရှိစေမည်ဖြစ်ပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူအားလုံးတို့သည် ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

**နိုင်ငံတော်အစိုးရအဖွဲ့များအတွက် အသုံးဝင်မှု**

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်ပါသည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ(NGO)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ(INGOs)နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

ဘဏ်လုပ်ငန်းရှင်များနှင့်အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေး ဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်ပါသည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည် ဖြစ်ပါသည်။ မီဒီယာများ၊ ဆက်သွယ်ပြန်ကြားရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်ပါသည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ(ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်းဆောင်ရွက်မှု ပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

## ( ခ ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်က ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့တက်နိုင်သော ငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့် အကူအညီများကိုအခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါ ယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအသိအမြင်များကို အခြေခံကာ ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းမှုရစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကို အဓိကနေရာတွင် ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ကူညီပံ့ပိုးပေးရာရောက်ပါသည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်ကိုအကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲနှင့်နည်းပညာအခက်အခဲများရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများပြည့်စုံမှုအပေါ်အခြေခံ၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုးဖြစ်ပါသည်။

**(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ**

**(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား**

ပေါက်မြိုင်ကျေးရွာသည် ပုသိမ်ကြီးမြို့၏ အနောက်မြောက်အရပ်တွင်တည်ရှိပြီး ပုသိမ်ကြီးမြို့မှ (၅)မိုင်ခန့်ကွာဝေးပါသည်။ ကျေးရွာသည်ယေဘုယျအားဖြင့် အပူအအေးမျှတသော ရာသီဥတုဖြစ်ပါသည်။ မိုးနည်းရပ်ဝန်းတွင်ကျရောက်သဖြင့် ခြောက်သွေ့သောရာသီဥတုကိုခံစားရပါသည်။ မြို့နယ်တွင် ပုံမှန်ရွာသွန်းမြဲမိုးရေချိန်သည် (၅၈)လက်မဖြစ်ပြီး၊ တစ်နှစ်ပတ်လုံးမိုးရွာသွန်းမှုမှာ ပုံမှန်အားဖြင့် မိုးရွာ ရက်(၆၀)ရက်ရွာသွန်းပါသည်။ မြို့နယ်၏ပျမ်းမျှအပူချိန်မှာ 28 ˚Cဖြစ်ပါသည်။ အနိမ့်ဆုံးအပူချိန်မှာ 25 ˚Cဖြစ်ပြီး အမြင့်ဆုံးအပူချိန်မှာ 38 ˚C ရှိပါသည်။

**( ခ ) သဘာဝအရင်းအမြစ်များ**

ကျေးရွာအနီးရှိလယ်မြေများကို စိုက်ပျိုးရေအတွက် ဆည်တော်ဆည်မှသွယ်ယူ၍ မုရင်းစပါး ၊ မတ်ပဲနှင့်ပဲအမျိုးမျိုးကို စိုက်ပျိုးကြရပါသည်။

**(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ**

**(က) လူဦးရေနှင့်လူဦးရေဆိုင်ရာအကြောင်းအရာများ**

ကျေးရွာတွင်အိမ်ထောင်စု(၂၂၉)စုရှိပြီး လူဦးရေစုစုပေါင်း(၉၇၈)ဦးရှိပါသည်။ ပျမ်းမျှ တစ်မိသားစုလျှင်(၄)ဦးခန့်ရှိပါသည်။ ကျေးရွာတွင်အလုပ်လုပ်နိုင်သော လူဦးရေ(၆၄၇)ဦးရှိပြီး ကျေးရွာစီးပွားဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတွင်များစွာ အထောက်အကူပြုနိုင်ပါသည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းကို အဓိကလုပ်ကိုင်သော အိမ်ထောင်စု(၈၂)စုရှိပြီး မွေးမြူရေးလုပ်ကိုင်သူ(၅)စုနှင့် ပန်းထိမ်၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု(၁၁၃)စု၊ သံပန်း၊ ပန်းရံ၊ လက်သမားလုပ်ငန်းလုပ်ကိုင်သူအိမ်ထောင်စု(၆၇)စု၊ စက်ရုံ၊ ကုမ္ပဏီတွင် လုပ်ကိုင်သူအိမ်ထောင်စု(၂၆)စုနှင့် ကူလီကျပန်းလုပ်ကိုင်သူအိမ်ထောင်စု(၁၀၂)စုရှိပါသည်။

**(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု**

ကျေးရွာသည်အဓိကအားဖြင့် လယ်ယာစိုက်ပျိုးရေးကိုအဓိကထား၍ လုပ်ကိုင်ကြပါသည်။ ကျန်အိမ်ထောင်စုများမှာ ရွှေပန်းထိမ်၊ သံပန်း၊ လက်သမား၊ စက်ချုပ်၊ ဝပ်ရှော့၊ စက်ရုံ၊ ကုမ္ပဏီနှင့် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်၍ အသက်မွေးဝမ်းကျောင်းပြုကြပါသည်။ အဆင်ပြေသောအိမ်ထောင်စုများသည် စိုက်ပျိုးမြေ(၉)ဧကအထက် ပိုင်ဆိုင်သူများနှင့် စိုက်ပျိုးရေးသုံးထွန်စက်များနှင့် လက်တွန်း

ထွန်စက်များ ပိုင်ဆိုင်ကြပါသည်။ ကျေးရွာတွင်လယ်မြေ၊ ယာပိုင်ဆိုင်မှုလုံးဝမရှိသည့် အိမ်ထောင်စု (၁၅၈)စုရှိပါသည်။ မြေ(၂.၅)ဧကအောက် ဆင်းရဲသားတောင်သူ၊ တောင်သူငယ်(၃၀)အိမ်ထောင်စုရှိပြီး ထိုဆင်းရဲသားတောင်သူများသည် ခိုင်းကျွဲ၊ နွား မပြည့်စုံခြင်း၊ သွင်းအားစုများ အပြည့်အဝမထည့်နိုင်ခြင်းတို့ကြောင့် စိုက်ဧကမြေအားလုံးကို ပုံမှန်မစိုက်ပျိုးနိုင်ပါ။

**(ဂ) ဆင်းရဲမွဲတေမှု၊ ထိခိုက်လွယ်မှုအခြေအနေ**

ကျေးရွာလူထု၏(၅၈.၈%)သည် ယေဘုယျအားဖြင့် ဆင်းရဲသည်ကိုတွေ့ရှိရပါသည်။ အဆိုပါ ဆင်းရဲသည်ဟုသတ်မှတ်ထားသော အိမ်ထောင်စုများသည် မြေယာမဲ့များနှင့် စိုက်ပျိုးမြေ(၂.၅)ဧကအောက်ပိုင်ဆိုင်သူများ၊ ကျပန်းအလုပ်သမားများ(သို့)ပန်းရံ/လက်သမားလုပ်ကိုင်ကြသော အိမ်ထောင်စု များဖြစ်ပါသည်။ အိမ်ထောင်စုများသည် နပ်ကျော်စားခြင်း၊ လျှော့စားခြင်း၊ အခြားအစားအစာများကို ပြောင်းလဲစားသုံးခြင်းမရှိကြဘဲ ပုံမှန်(၃)နပ်ပြည့်အောင်စားနိုင်ကြပါသည်။ အိမ်ထောင်စုအားလုံးသည် ကြွေးမြီမကင်းကြပါ။ အနည်းဆုံး(၃)သောင်းမှ (၈)သိန်းအထိ ရရှိကြပါသည်။

ကျေးရွာသည်ရာသီအလိုက်မြစ်ရေတက်ခြင်း၊ တုပ်ကွေးဖျာနာခြင်းစသော ထိခိုက်လွယ်သော မိသားစုများသည် ဆင်းရဲသည့်အိမ်ထောင်စုများ၊ မြေယာမဲ့၊ ကျပန်းအလုပ်သမားများနှင့်ဆင်းရဲသားတောင်သူများ ဖြစ်ကြသည်။ ၎င်းမိသားစုများသည် စားနပ်ရိက္ခာဖူလုံမှုမရှိသော မိသားစုများ ဖြစ်ကြပါသည်။

**(ဃ) ကျန်းမာရေးနှင့်အာဟာရ**

ကျေးရွာတွင် ရာသီဖျားသာ အဖြစ်များပါသည်။ အခြားကြီးကြီးမားမား ကူးစက်ရောဂါဖြစ်ပွားမှုမရှိပါ။

**( င ) ပညာရေးနှင့်ကျွမ်းကျင်မှု**

ကျေးရွာတွင်စာမတတ်သူ(၁၂၅)ဦးရှိပြီး အခြေခံမူလတန်းပညာရေး ပြီးဆုံးသူများပါရှိပါသည်။ အလယ်တန်းပညာပြီးစီးသူ(၁၅၆)ဦး၊ အထက်တန်းပညာပြီးစီးသူ(၁၀၇)ဦးရှိပါသည်။ ကျေးရွာကျောင်းတွင်မူလတန်းပညာပြီးစီးသူဦးရေ (၅၃၂)ဦးရှိပါသည်။ မူလတန်းကျောင်းနေရွယ်ကလေးများသည် မူလတန်းပညာကို လက်လှမ်းမီသင်ကြားနိုင်၍ ကျောင်းတက်နှုန်းအတော်အသင့်ရှိပါသည်။ မူလတန်းကျောင်းတက်ရောက်နေသူ(၇၂)ဦး၊ အလယ်တန်းကျောင်းတက်ရောက်သူ(၆၇)ဦး၊ အထက်တန်းတက်ရောက်နေသူ(၁၂)ဦးနှင့် တက္ကသိုလ်တက်ရောက်နေသူ(၁၂)ဦးရှိပါသည်။ စိုက်ပျိုးရေး၊ ပန်းထိမ်၊ လက်သ မား၊ သံပန်းနှင့်စက်ချုပ်လုပ်ငန်း လုပ်ကိုင်သူများရှိပြီး အတော်အသင့်ချောင်လည်ကြပါသည်။

**( စ ) ကျားမဆိုင်ရာဆက်နွယ်မှု**

ကျားမဆိုင်ရာဆက်နွယ်မှုသည် များစွာ ကွာခြားမှုမရှိပါ။ လူဦးရေဆိုင်ရာအချက်အလက်အရ အလုပ်လုပ်နိုင်သော လူဦးရေ(၉၇၈)ဦးတွင် အမျိုးသမီး(၅၃၄)ဦး၊ အမျိုးသား(၄၄၄)ဦးဖြစ်သောကြောင့်

ကွာခြားမှုနည်းပါသည်။ သို့သော် ကျေးရွာစီမံခန့်ခွဲမှုကဏ္ဍတွင် ခလေ့ထုံးတမ်းအရ အမျိုးသမီးပါဝင်မှု မတွေ့ရပါ။

**(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

**(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်**

ကျေးရွာတွင်ရှိသောအဖွဲ့များသည် အဖွဲ့၏လုပ်ငန်းတာဝန်များကို လုပ်ဆောင်ရာတွင် တာဝန်ယူဆောင်ရွက်မှုရှိသော်လည်း ကျေးရွာတွင်းအဖွဲ့အစည်းအချင်းချင်း ချိတ်ဆက်ဆောင်ရွက်မှု၊ ညှိနှိုင်းဆောင်ရွက်မှုရှိပါသည်။ သို့သော်ပူးပေါင်းခြင်း၏သဘောတရားကို တာဝန်၏သဘောတရားနှင့်ရောနှောနားလည်နေခြင်းကြောင့် အဖွဲ့အစည်းအားလုံးသည် အဖွဲ့လုပ်ငန်းတာဝန်များကို အစပျိုး ဦးဆောင်လုပ်ကိုင်ခြင်းထက် ကျေးရွာအုပ်ချုပ်ရေးမှူး၏ဦးဆောင်မှုဖြင့် ပူးပေါင်းပါဝင်လုပ်ဆောင်ကြပါသည်။ အဖွဲ့များတွင်ဦးဆောင်နိုင်မှုစွမ်းရည်နှင့် ကော်မတီဝင်အားလုံးတာဝန်ခွဲဝေမှု အားနည်းပါသည်။ အဖွဲ့အစည်းဆိုင်ရာစွမ်းဆောင်ရည်မြှင့်တင်ရန် ကျေးရွာရှိအဖွဲ့အစည်းဆိုင်ရာ၊ စီမံအုပ်ချုပ်မှုဆိုင်ရာ သဘောတရားသင်တန်းများနှင့် ချိတ်ဆက်ရန်လိုအပ်ပါသည်။

**( ခ ) သီးနှံ၊ သားငါးထုတ်လုပ်ရေးကဏ္ဍ**

ကျေးရွာတွင် တောင်သူလုပ်ကိုင်သူအိမ်ထောင်စု(၈၄)ရှိပြီး လယ်မြေ(၂၇၁)ကေသည် ဆည်တော် ဆည်မှရေသွယ်ယူရပြီး ရာသီအလိုက်မိုးရေရရှိပါသည်။ မုရင်းစပါးနှင့်မတ်ပဲစိုက်ပျိုးကြပါသည်။ သွင်း အားစုလိုအပ်ချက်နိမ့်ပြီး စိုက်ပျိုးရေရရှိမှုလိုအပ်မှုနှင့် ဖျက်ပိုးရောဂါကျရောက်မှု အသင့်အတင့်ရှိသော ကြောင့် အကျိုးအမြတ်ရရှိနိုင်မှုမှာ အလယ်အလတ်သာရှိပါသည်။

ကျေးရွာတွင် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်ကြပါသည်။ နွား(၁၁)ကောင်၊ နို့စားနွား(၁၁)ကောင်၊ ကျွဲ(၃၂)ကောင်၊ သိုး(၂)ကောင်၊ ဝက်(၉၇)ကောင်၊ ကြက်(၈၄၈)ကောင်နှင့်ဘဲ (၂၇၀၀)ကောင် မွေးမြူကြပါသည်။ သို့ရာတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးအတွက် အခြေခံမွေးမြူရေးပညာများ၊ ကာကွယ်ကုသရေးနှင့် လုံလောက်သောအရင်းအနှီးများ လိုအပ်လျက်ရှိပါသည်။

**( ဂ ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများ**

ကျေးရွာတွင် ရွှေပန်းထိမ်၊ သံပန်းလုပ်ငန်းလုပ်ကိုင်သူများ ပေါများစွာရှိပါသည်။ သို့သော် လုပ်ငန်းတိုးချဲ့လုပ်ကိုင်ရန် ဆင့်ပွားနည်းပညာ၊ အရင်းအနှီးနှင့် ဈေးကွက်လက်လှမ်းမီမှု နည်းပါးပါသည်။ လက်သမား၊ ပန်းရံ၊ စက်ချုပ်လုပ်ငန်းနှင့် ကျပန်းလုပ်ကိုင်သူများလည်း ရှိပါသည်။

**(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်စီမံခန့်ခွဲမှု**

ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင် သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ဓါတ်ငွေ့၊ ရေနံ၊ ကျောက်မျက်)၊ ကျောက်၊ သဲ၊ ကျောက်စရစ် မရှိသဖြင့် အသုံးချနိုင်ခြင်းမရှိပါ။

**( င ) ဘဏ်လုပ်ငန်းနှင့် ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ကျေးရွာတွင် လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ကာလတိုချေးငွေ(၃-၆)လအတွင်း အတိုးငွေ(၁မှ ၂%)ဖြင့်လည်းကောင်း၊ သမဝါယမချေးငွေအား ကာလတိုချေးငွေ(၃-၆)လအတွင်း (၁.၅%)ဖြင့်လည်းကောင်း ချေးယူရရှိပါသည်။

**( စ ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

ကျေးရွာတွင်အခြေခံပညာမူလတန်းကျောင်းရှိ၍ မူလတန်းအရွယ် ကလေးများအားလုံး အခြေခံမူလတန်းပညာကို ဆရာမ(၅)ဦးဖြင့် သင်ကြားလျက်ရှိပါသည်။ ကျောင်းအဆောက်အဦကောင်းသော်လည်းကျောင်းသုံးပရိဘောဂမှာ လုံလောက်မှုမရှိပါ။ အိမ်သာများလည်း လုံလောက်စွာရှိပါသည်။ ကျောင်းသားများအာဟာရမျှတစေရန် အာဟာရတိုက်ကျွေးမှုလည်းရှိပါသည်။

ကျေးရွာအခြေခံကျန်းမာရေးစောင့်ရှောက်မှုအတွက် ကျေးရွာမှ(၁)မိုင်အတွင်း ကျေးလက်ကျန်းမာရေးဌာနခွဲရှိပြီးအခန်း၊ ကုတင်လုံလောက်မှုရှိပါသည်။ ကိုယ်ဝန်ဆောင်များနှင့် ကလေးကာကွယ်ရေးဆေးစီမံချက်အတွက် ကျန်းမာရေးဌာနခွဲမှ လစဉ်စောင့်ရှောက်မှုပေးပါသည်။ ရောဂါအကြီးအသေးပေါ်မူတည်၍ ပုသိမ်ကြီးမြို့နယ်ဆေးရုံသော်လည်းကောင်း၊ မန္တလေးဆေးရုံကြီးတွင်လည်းကောင်း တက်ရောက်ကုသကြသည်က များပါသည်။

ကျေးရွာတွင် အဝီစိတွင်း/စက်တပ်(၁၄၄)တွင်း၊ အဝီစိ/တုံကင်(၁)တွင်းနှင့် အဝကျယ်ရေတွင်း(၄၃)တွင်းမှ သောက်ရေသုံးရေအတွက် အိမ်နီးစပ်ရာတွင်းများမှ ဝေမျှ၍ အသုံးပြုကြပါသည်။ နွေ၊ မိုး၊ ဆောင်းလုံလောက်ပါသည်။ ကျေးရွာသူ/သားများသည် ဝမ်းပျက်ဝမ်းလျှောရောဂါများအတွက် ကျန်းမာရေးဗဟုသုတရှိကြသဖြင့် ယင်လုံအိမ်သာကို အသုံးပြုကြကြောင်းတွေ့ရှိရပါသည်။

**(ဆ) လူငယ်၊ ယဉ်ကျေးမှု၊ အားကစား**

ကျေးရွာသည် မန္တလေးမြို့နှင့်နီးကပ်သဖြင့် ဖျော်ဖြေရေးဆိုင်ရာလှုပ်ရှားမှုများ၊ လက်ဖက်ရည်ဆိုင်များနှင့်အခြားအပန်းဖြေမှုကိစ္စရပ်များလည်း သိရှိကြပါသည်။ လူငယ်များအနေဖြင့် ကျေးရွာပိုင်မြေကွက်လပ်များတွင် ခြင်းလုံးကစားခြင်း၊ ဘောလုံးကစားခြင်းများပြုလုပ်ကြပါသည်။ ထို့အပြင် ဘာသာရေးပွဲများ၊ တရားပွဲနှင့်ဘုရားပွဲများတွင်လည်း တက်ကြွစွာ ပါဝင်လုပ်ဆောင်ကြပါသည်။ သို့သော် လူငယ်များအနေဖြင့် ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်မှု အားနည်းကြပါသည်။ ကျေးရွာစာကြည့်တိုက်လည်းမရှိပါ။ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရန် အသိပညာပေးစာပေဟောပြောပွဲများပြုလုပ်ရန်လိုအပ်ပါသည်။ ထို့အပြင် ကျေးရွာအတွက်သာရေးနာရေးကိစ္စရပ်များတွင် ကျား(၈)ဦး+မ(၃)ဦးဖြင့်ဖွဲ့စည်းထားသော မြိုင်လူငယ်ပရဟိတအသင်းမှ တက်ကြွစွာလုပ်ဆောင်ကြောင်း တွေ့ရှိရပါသည်။

**( ဇ ) အခြေခံအဆောက်အဦများလက်လှမ်းမီမှု၊ လမ်းတံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး**

ကျေးရွာသူ/သားများသည် ပုသိမ်ကြီးမြို့နှင့်မန္တလေးမြို့မှသို့ ကား၊ ဆိုင်ကယ်၊ သုံးဘီးယာဉ်များဖြင့် အလွယ်တကူဆက်သွယ်သွားလာနိုင်ပါသည်။ အများစုမှာ ပညာရေး၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး၊ သီးနှံများနှင့် အခြားလူ့အသုံးအဆောင်ပစ္စည်းများ ဝယ်ယူရောင်းချနိုင်ရေးအတွက် မန္တလေးမြို့သို့ သွားရောက်ကြပါသည်။ ကျေးရွာနှင့်မန္တလေးဈေးချိုသို့ (၁မိုင်ခွဲ)သာ သွားရပါသည်။ လမ်းပန်းဆက်သွယ်ရေးကောင်းသဖြင့် ရာသီမရွေး မော်တော်ယာဉ်၊ ဆိုင်ကယ်၊ သုံးဘီးများအသုံးပြု၍ သွားလာနိုင်ပါသည်။ လျှပ်စစ်ဓါတ်အားလိုင်းကိုကျေးရွာရှိ အိမ်ခြေ(၁၂၄)အိမ်သုံးစွဲကြပြီး ကျန်အိမ်များမှာဆိုလာ(၂)အိမ်နှင့် ဘတ္တရီ(၁၀၃)အိမ်ထောင်စု အသုံးပြုကြောင်းတွေ့ရှိရပါသည်။ မန္တလေးမြို့နှင့်နီးကပ်သဖြင့် ဆက်သွယ်ရေး ကောင်းမွန်ပါသည်။ သတင်းအချက်အလက်အတွက် ဖုန်းအသုံးပြုမှု(၃၀၇)လုံးနှင့် တီဗွီ(၁၄၇)လုံးတို့မှရရှိကြောင်း တွေ့ရှိရပါသည်။

**( ဈ ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာနှင့် (၄)မိုင်ဝေးသည့် ပုသိမ်ကြီးမြို့တွင် ရဲစခန်းရှိပြီး ကျေးရွာသူ/သားများအတွက် လက် လှမ်းမီမှုရှိပါသည်။ ကျေးရွာတွင် ကြီးမားသည့် မှုခင်းဖြစ်ပွားမှုမရှိပါ။

**၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့် စိန်ခေါ်မှုများ**

ကွင်းဆင်းတွေ့ရှိချက်များ အမြင်များကိုအခြေခံ၍ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့်စိန်ခေါ်မှုများကို အောက်ပါအတိုင်း ဖော်ပြထားပါသည်-

ကျေးရွာတွင် စိုက်ပျိုးရေးဖြင့်ဖွံ့ဖြိုးတိုးတက်မှုဖော်ဆောင်နိုင်ရန် အခြေအနေကောင်းများရှိပါသည်။ စီမံအုပ်ချုပ်မှုအခြေအနေကောင်းတစ်ခုမှာ ကျေးရွာလူထု၏ ပူးပေါင်းပါဝင်မှုကောင်းခြင်း ဖြစ်ပါသည်။ စိုက်ပျိုးရေးကဏ္ဍအတွက် ဆည်တော်ဆည်မှရေပေးစိုက်ပျိုးရန် စိုက်ပျိုးရေရရှိပါသည်။ ထို့အပြင် စိုက်ပျိုးမြေများသည် မြေဆီမြေလွှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ကျေးရွာအတွင်း တစ်ပိုင်တစ် နိုင်တိုးချဲ့ မွေးမြူရန် ကျွဲ၊ နွား၊ ဝက်အစာပေါ်များပါသည်။ မန္တလေးမြို့ရှိအမဲဒိုင်၊ ဝက်ဒိုင်များနှင့် ချိတ်ဆက်ရောင်း ချရန်ဈေးကွက်ရှိသော်လည်း ကျွဲ၊ နွားများ ခွာနာလျှာနာရောဂါဖြစ်လျှင် ချက်ချင်း ရောဂါကုသနိုင်ရန် တိကုဌာနနှင့် အချိန်မီဆက်သွယ်ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။

**( ခ ) အဟန့်အတားများ၊ကျော်လွှားရမည့်စိန်ခေါ်မှုများ**

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ဆောင်ရွက်ရာတွင် ကျေးရွာအဆင့်တွင် အောက်ပါအဟန့်အတားများ၊ စိန်ခေါ်မှုများ ရင်ဆိုင်ရပါသည်-

ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ကျေးရွာအုပ်ချုပ်ရေးမှူးမှ ဦးဆောင်၍ လုပ်ငန်းများအကောင်အထည်ဖော်ဆောင်ရွက်ရာတွင် တခြားဖွံ့ဖြိုးရေးကော်မတီများမှ လိုက်ပါဆောင်ရွက်ကြ

သော်လည်း လုပ်ငန်းပြီးဆုံးသည်အထိ ကျေးရွာအုပ်ချုပ်ရေးမှူးကိုသာ အားကိုးကြသဖြင့် လုပ်ငန်းမတွင်ကျယ်ဖြစ်ကြရပါသည်။ စိုက်ပျိုးရေးကဏ္ဍတွင် ရာသီဥတုမမှန်ခြင်း၊ လယ်ယာမြေတိုးချဲ့နိုင်မှုမရှိခြင်းနှင့် စိုက်ပျိုးရေအရင်းအမြစ်မှလုံလောက်စွာရေမရခြင်းတို့ကြောင့် အဟန့်အတားများဖြစ်နေပါသည်။ ထို့ကြောင့် သီးနှံဖြစ်ထွန်းမှုအသင့်အတင့်သာရှိပါသည်။ မွေးမြူရေးတွင်လည်း စီးပွားဖြစ်မွေးမြူကြခြင်းမဟုတ်ကြပါ။ ကျွဲ၊ နွားများအတွက် စားကျက်မြေရှားပါးခြင်း၊ အိမ်၊ ခြံဝင်းအတွင်း မြေနေရာလုံလောက်မှုမရှိခြင်း၊ လိုအပ်သောချေးငွေမရရှိခြင်းတို့ကြောင့် စီးပွားဖြစ်မွေးမြူရန် အခက်အခဲဖြစ်ကြောင်းတွေ့ရှိရပါသည်။

**၆။ ရည်ရွယ်ချက်ပန်းတိုင်နှင့်ဗျူဟာ**

**(က) ရည်ရွယ်ချက်ပန်းတိုင်**

ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာများကို ကျေးရွာလူထုပူးပေါင်းပါဝင်မှုဖြင့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်တွင် ရေးဆွဲထားပါသည်။ ကျေးရွာသည်စိုက်ပျိုးရေးကိုအခြေပြုသော ကျေးရွာတစ်ရွာဖြစ်၍ စိုက်ပျိုးရေးကဏ္ဍဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ အခြားစီးပွားရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရန် ရည်ရွယ်၍ အောက်ပါကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်ပန်းတိုင် (၃)ချက်ကို ရေးဆွဲထားပါသည်။

(၁) စိုက်ပျိုးရေးလုပ်ငန်းများတိုးတက်ဖွံ့ဖြိုးလာခြင်းနှင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းများ တိုးချဲ့မွေးမြူလာနိုင်ခြင်းဖြင့် မိသားစုဝင်ငွေတိုးပွားလာစေရမည်။

(၂) ရွှေပန်းထိမ်နှင့်ပရိဘောဂလက်မှုလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်ကြပြီး မိသားစုဝင်ငွေတိုးပွားလာစေရမည်။

(၃) လူငယ်၊ လူရွယ်များ အသိပညာ၊ ဗဟုသုတတိုးပွားလာစေ၍ ပညာတက်မြောက်မှုနှုန်းမြင့်မားလာစေရမည်။

**ဖွံ့ဖြိုးရေးဗျူဟာ**

အထက်ပါကျေးရွာဖွံ့ဖြိုးရေး ရည်ရွယ်ချက်ပန်းတိုင်များပြည့်မီစေရန် ကျေးရွာအတွင်းကြုံတွေ့နေရသည့်အခက်အခဲများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်ရန်အတွက် ဖွံ့ဖြိုးရေးကိုအထောက်အကူဖြစ်စေသော အလားအလာအထောက်အပံ့များကို အသုံးချ၍ အောက်ပါဖွံ့ဖြိုးရေးဗျူဟာများကို သက်ဆိုင်ရာဌာနများ၊ ရပ်မိရပ်ဖများ၊ ကျေးရွာလူထုများ ပူးပေါင်းပါဝင်ခြင်းဖြင့် အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါသည်။

(၁) ကျေးရွာတွင်းအဖွဲ့အစည်းများလုပ်ငန်းစွမ်းဆောင်မှုမြှင့်တင်ရေးနှင့် စီမံခန့်ခွဲမှုများတိုးတက်လာရန် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလုပ်ဆောင်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း၊ ကျေးရွာလူထုပူးပေါင်းပါဝင်သော ဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ဆောင်စေခြင်း၊ စီမံခန့်ခွဲမှု၊ အဖွဲ့အစည်းဆိုင်ရာသဘောတရားများ ရရှိလာစေရန် ချိတ်ဆက်ခြင်းများ စသောလုပ်ငန်းများလုပ်ဆောင်သွားရမည်။

(၂) ကျေးရွာ၏စိုက်ပျိုးထုတ်လုပ်မှုတိုးတက်လာစေရန်။

**၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ**

ဤကဏ္ဍသည် ကျေးရွာလူထုကိုယ်တိုင်မလုပ်ဆောင်နိုင်သော မဖြေရှင်းနိုင်သောပြဿနာများ အတွက် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် နိုင်ငံတော်အဆင့်၊ ဒေသအဆင့်၊ မြို့နယ်အဆင့်တွင် မူဝါဒများ၊ အစီအစဉ်ကျသောထောက်ပံ့မှုများ၊ ချိတ်ဆက်မှုများလုပ်ဆောင်နိုင်ရန် ရည်ညွှန်းပါသည်။

(က) ကျေးရွာသည်စိုက်ပျိုးရေးကိုအခြေခံသော ကျေးရွာဖြစ်သည့်အတွက် စိုက်ပျိုးရေလုံလောက်စွာရရှိရေးသည် စိုက်ပျိုးထုတ်လုပ်မှု၊ အထွက်နှုန်းတိုးတက်ရန်အတွက်များစွာ အရေးကြီးပါသည်။ သို့သော်ဆည်တော်ဆည်မှရေသွယ်ယူရရှိ၍ လုံလောက်မှုရှိပါသည်။

(ခ) ကျေးရွာသူ/သားများသည် မိသားစုတစ်နိုင်တစ်ပိုင်ဝင်ငွေတိုးရန် အသေးစားမွေးမြူရေး လုပ်ငန်းများကို စီးပွားဖြစ်လုပ်ကိုင်နိုင်ရန် ရင်းနှီးနိုင်ခြင်း၊ အခြေခံမွေးမြူရေးစောင့်ရှောက်မှုများ မရရှိကြပါ။ ရာသီအလိုက်အဖြစ်များသော တိရိစ္ဆာန်ရောဂါများကာကွယ်ကုသနိုင်ရန် ပုံမှန်ကုသခြင်းဆိုင်ရာ ဖွံ့ဖြိုးမှုအလေ့အထများရှိလာရန် မွေး/ကုဌာနမှ အကူအညီနှင့်ချိတ်ဆက်မှုရှိရန် လိုအပ်ပါသည်။

(ဂ) ကျေးလက်ဒေသရှိလူထုများ၏ အခြေခံလိုအပ်ချက်များဖြစ်သော ပညာရေး၊ ကျန်းမာရေးဆိုင်ရာ မူဝါဒများကိုလည်းထိရောက်စွာအကောင်အထည်ဖော်ဆောင်သင့်ပါသည်။ အခြေခံကျန်းမာရေးစောင့်ရှောက်မှုအစီအစဉ်များ၊ ပညာရေးအခြေခံသင်ထောက်ကူပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန် ဘက်ဂျက်ခွဲဝေခြင်းကို ပိုမိုတိုးမြှင့်လုပ်ဆောင်ရပါမည်။

(ဃ) အသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ်လုပ်ကိုင်ကြသော ပန်းထိမ်၊ ပရိဘောဂ၊ ပန်းရံ၊ လက်သမား၊ စက်ချုပ်နှင့်ကျပန်းလုပ်ကိုင်ကြသူများအတွက် ကျေးရွာအခြေပြုအသေးစား စီးပွား ရေးလုပ်ငန်းများ ရင်းနှီးလည်ပတ်နိုင်ရန် အဆင်ပြေ၍လက်လှမ်းမီသော ဘဏ်လုပ်ငန်းများ၊ အတိုးနည်း ချေးငွေလုပ်ငန်းများလိုအပ်ပါသည်။ ထို့အပြင် အခြေခံတစ်ပိုင်တစ်နိုင်စီးပွားရေး လုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နိုင်ရန် မူဝါဒများချမှတ်၍ တိကျစွာအကောင်အထည်ဖော်ရန် လိုအပ်ပါသည်။

**၈။ ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်မည့်ကာလ**

**(က) နှစ်စဉ်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့်ဘဏ္ဍာငွေလျာထားရေးအစီအစဉ်**

ကျေးရွာလူထုသည် (၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့်ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်မည်မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကိုအကောင်အထည်ဖော်မှု(၂-၃)နှစ်ကျော်လာချိန်တွင် ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန်လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ်

သက်ရောက်မှုများမရှိခဲ့လျှင် (၅)နှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း စီမံကိန်းငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက်ဘဏ္ဍာရေးနှင့်ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်းအစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံရလွယ်ကူစေသည်။ ကျေးရွာတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘက်ဂျတ်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ (၅)နှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည် ဖြစ်ပါသည်။

### (ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့်စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်းသည် စီမံချက်ဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional Classificationသည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့် သတ်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန်အထောက်အကူပြုပါမည်။ Economic Classificationသည် စီမံချက်လုပ်ငန်းများ၏ အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**ကဏ္ဍကိုအခြေခံ၍ စီမံချက်အုပ်စုသတ်မှတ်ခြင်း(Functional Classification)**

ဆောင်ရွက်မည့်စီမံချက်နှင့်စီမံချက်ဘက်ဂျတ်သည်(က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ-စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

**ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍ အုပ်စုသတ်မှတ်ခြင်း(Economic Classification)**

စီမံချက်ဘက်ဂျတ်အမျိုးအစားသည် မည်သည့်ရင်းနှီးမြှုပ်နှံမှုအမျိုးအစားဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

၁။ ငွေလုံးငွေရင်းအသုံးစရိတ်(Capital Expenditure)ဥပမာ။ ဆောက်လုပ်ရေးပစ္စည်းများနှင့်ပုံသေဝယ်ယူရသောရင်းနှီးမြှုပ်နှံမှုများ

၂။ စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်(Capacity Building Expenditure) ဥပမာ။ ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်

၃။ လူသားချင်းစာနာမှုအထောက်အပံ့(Humanitarian Support)

နောက်ဆက်တွဲ(၁)

## ငွေတောင်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ကော်မတီဝင်များစာရင်း

| စဉ် | အုပ်စုအမည် | ကျေးရွာအမည် | ကော်မတီဖွဲ့စည်းမှုအခြေအနေ | | | အဘအမည် | မှတ်ပုံတင်အမှတ် |
|---|---|---|---|---|---|---|---|
| | | | ကော်မတီဝင်အမည် | | တာဝန် | | |
| ၂ | ငွေတောင် | ငွေတောင် | ၁ | ဦးဝင်းဆွေ | ဥက္ကဋ္ဌ | ဦးဆွေမြ | ၉/ပသက(နိုင်)၀၉၉၆၅၃ |
| | | | ၂ | ဦးမြင့်ဆွေ | အတွင်းရေးမှူး | ဦးကံရွှေ | ၉/ပသက(နိုင်)၀၈၃၅၆၀ |
| | | | ၃ | ဦးတိုးတိုး | ဘဏ္ဍာရေးမှူး | ဦးကံထူး | ၉/ပသက(နိုင်)၀၆၂၃၄၅ |
| | | | ၄ | ဒေါ်မြင့်မြင့်လှိုင် | စာရင်းကိုင် | ဦးတိုးတိုး | ၉/ပသက(နိုင်)၀၈၃၅၅၅ |
| | | | ၅ | ဦးမြင့်ဦး | သော့ကိုင်-၁ | ဦးချစ်ငွေ | ၉/ပသက(နိုင်)၀၃၇၈၁၉ |
| | | | ၆ | ဦးစိုးလင်း | သော့ကိုင်-၂ | ဦးလှကျော် | ၉/ပသက(နိုင်)၀၃၇၇၀၃ |
| | | | ၇ | ဦးအောင်ထွန်း | အဖွဲ့ဝင် | ဦးသာရင် | ၈/အလန(နိုင်)၁၆၅၄၆၀ |
| | | | ၈ | ဦးလှမျိုးနိုင် | အဖွဲ့ဝင် | ဦးကျော်တင် | ၉/မထလ(နိုင်)၁၉၇၀၈၄ |
| | | | ၉ | ဦးခင်မောင်မြင့် | အဖွဲ့ဝင် | ဦးကိုကို | ၅/ငဇန(နိုင်)၀၁၈၆၄၂ |
| | | | ၁၀ | ဒေါ်အေးခိုင် | အဖွဲ့ဝင် | ဦးအောင်ပြည့် | ၉/ပသက(နိုင်)၀၆၆၃၇၃ |
| | | | ၁၁ | ဒေါ်ခိုင်ဇာလင်း | အဖွဲ့ဝင် | ဦးခင်မောင်လင်း | ၉/ပသက(နိုင်)၀၉၂၀၂၆ |
| | | | ၁၂ | ဦးမျိုးဝင်းညွန့် | အဖွဲ့ဝင် | ဦးထွန်းသိန်း | ၉/ပသက(နိုင်)၀၇၉၁၉၅ |
| | | | ၁၃ | ဦးဆွေလင်း | အဖွဲ့ဝင် | ဦးသောင်းညွန့် | ၉/ပသက(နိုင်)၀၂၈၀၈၉ |
| | | | | | | | |

နောက်ဆက်တွဲ(၂)

## ငွေတောင်ကျေးရွာ၏ ဦးစားပေးစီမံချက်များစာရင်း

| စဉ် | မြို့နယ် | ကျေးရွာအုပ်စု | ကျေးရွာ အမည် | ဦးစားပေးစီမံချက်များ | | ဦးစားပေး အဆင့် |
|---|---|---|---|---|---|---|
| ၁ | ပုသိမ်ကြီး | ငွေတောင် | ငွေတောင် | ၁ | ကျေးရွာတွင်းလမ်းများကွန်ကရစ်ခင်းခြင်း | ၁ |
| ၂ | | ငွေတောင် | ငွေတောင် | ၂ | ရေမြောင်းတူးဖော်ခြင်း | ၂ |
| ၃ | | ငွေတောင် | ငွေတောင် | ၃ | ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် စင်မြင့်ရေစင်ဆောက်လုပ်ခြင်း | ၃ |
| ၄ | | ငွေတောင် | ငွေတောင် | ၄ | အမှိုက်ကားဝယ်ယူခြင်း | ၄ |
| ၅ | | ငွေတောင် | ငွေတောင် | ၅ | စာကြည့်တိုက်ဆောက်လုပ်ခြင်း | ၅ |
| ၆ | | ငွေတောင် | ငွေတောင် | ၆ | ကျန်းမာရေးဆေးပေးခန်းဆောင်ရွက်ခြင်း | ၆ |

**ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ**

**(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ**

**(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

**ဇယား ( ၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း |
|---|---|---|---|---|
| ၁ နှစ် အောက် | နို့စို့အရွယ် | ၉ | ၆ | ၁၅ |
| ၁ နှစ်မှ ၄ နှစ် အထိ | ၅ နှစ်အောက်ကလေးငယ် | ၂၁ | ၃၄ | ၅၅ |
| ၅ နှစ်မှ ၉ နှစ် အထိ | မူလတန်းကျောင်းသားအရွယ် | ၄၉ | ၅၇ | ၁၀၆ |
| ၁၀ နှစ်မှ ၁၄ နှစ် အထိ | အလယ်တန်းကျောင်းသားအရွယ် | ၅၃ | ၆၂ | ၁၁၅ |
| ၁၅ နှစ်မှ ၆၄ နှစ် အထိ | အလုပ်လုပ်နိုင်သည့်အရွယ် | ၅၀၇ | ၅၆၉ | ၁၀၇၆ |
| ၆၅ နှစ် အထက် | သက်ကြီးရွယ်ကြီး | ၃၄ | ၄၆ | ၈၀ |
| **စုစုပေါင်း** | | **၆၇၃** | **၇၇၄** | **၁၄၄၇** |
| **စုစုပေါင်း အိမ်ထောင်စု** | | **၂၆၃** | | |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**လေ့လာတွေ့ရှိချက်။ ။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၆၃)၊ လူဦးရေပေါင်း(၁၄၄၇)(ကျား-၆၇၃+မ-၇၇၄)ရှိပြီး တစ်အိမ်ထောင်လျှင် ပျမ်းမျှလူဦးရေ(၅)ဦးဖြစ်ပါသည်။ ကျေးရွာရှိ အလုပ်လုပ်နိုင်သောအရွယ်လူဦးရေမှာ (၁၀၇၆)ဦးရှိသောကြောင့် အလုပ်လုပ်နိုင်သောအရွယ် လူဦးရေများကြောင်း တွေ့ရသည်။ ၎င်းအလုပ်လုပ်ကိုင်သောသူများသည် တောင်သူ၊ မွေးမြူရေး၊ အရောင်းအဝယ်၊ ကားမောင်း၊ ပန်းရံ၊ လက်သမား၊ စက်ရုံလုပ်သား၊ စက်ချုပ်၊ ကူလီ/ကျပန်းနှင့် ကုမ္ပဏီလုပ်ငန်းလုပ်ကိုင်ကြကြောင်းလည်း တွေ့ရှိရပါသည်။ အမျိုးသားဦးရေမှာ အမျိုးသမီးဦးရေထက်(၁၀၁)ဦးပိုနည်းသည်ကို တွေ့ရပါသည်။ (၁)နှစ်အောက်ဦးရေမှာ(၁၅)ဦးသာရှိသဖြင့် မွေးဖွားနှုန်းနည်းသည်ကို တွေ့ရှိရပါသည်။ (၅)နှစ်အောက်ကလေးငယ်ဦးရေမှာ(၅၅)ဦးရှိသဖြင့် (၅)နှစ်အောက်ကလေးငယ်များ ကာကွယ်ဆေးထိုး ရမည့်အရေအတွက်ကို အတိအကျသိနိုင်သည်။ မူလတန်းကျောင်းနေအရွယ်မှာ(၁၀၆)ဦးနှင့် အလယ် တန်းကျောင်းသားအရွယ် (၁၁၅)ဦးရှိသောကြောင့် ကျောင်းနေအရွယ်ကလေးတိုင်း ကျောင်းနေနိုင်ခြင်း ရှိ/မရှိကို အလွယ်တကူနှိုင်းယှဉ် သိရှိနိုင်ပါသည်။ (၆၅)နှစ်နှင့်အထက် အသက်ကြီး အရွယ်ကြီး(၈၀)ဦးရှိ သဖြင့် ကျန်းမာရေးစောင့်ရှောက်မှုကောင်းကြောင်း တွေ့ရှိရပါသည်။**

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

**(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

**ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား**

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၆၈ | ၃၀ | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀၈ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၅ | ၆ | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| **စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ** | | | | | |
| ၅ | **သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၆ | **ထုတ်ကုန်လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | မြင့် ☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၂ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၇ | **လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၈ | **ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၁ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၇ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၉ | **ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☑ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၀ | | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၁ | **လက်လီ- လက်ကား ရောင်းဝယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၂၂ | ၁၃ | | မြင့် ☐ လတ် ☐ နိမ့် ☑ |
| | အလုပ်သမား / ဝန်ထမ်း | ၁၀ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၂ | **ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၃ | **ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | ၅၃ | ၈ | | မြင့် ☐ လတ်☑ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော ၁ အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | အလုပ်သမား / ဝန်ထမ်း | ၅ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၄ | **ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၅ | **အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၂ | | | မြင့် ☐ လတ်☐ နိမ့် ☑ |
| ၁၇ | **ပညာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၁၉ | **လူမှုရေး လုပ်ငန်းများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| ၂၀ | **အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ** | | | | |

| စဉ် | လုပ်ငန်းများ | အဓိက အလုပ်အကိုင် | | အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်။) |
|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင် လုပ်အား | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | ☒ |
| | အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား | ၄၅ | | | |
| ၂၁ | **ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ** | | | | |
| | ကိုယ်ပိုင် လုပ်ငန်း | | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား / ဝန်ထမ်း | ၁၁ | | | မြင့် ☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | **၃၆၂** | **၅၇** | | ☒ |

**ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

**မှတ်ချက်။** ။**"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ"** အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု **"မြင့်"** ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ။ **ကျေးရွာ၏အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းမှာ တောင်သူလုပ်ငန်း ဖြစ်ပြီး အများစုမှာကား၊ သုံးဘီးနှင့်ထော်လာဂျီဖြင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း နှင့် အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်ကြပါသည်။ ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၂၆၃)ရှိသည့် အနက် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သောအိမ်ထောင်စု(၆၈)ဦး၊ မွေးမြူရေးလုပ်ကိုင်သူ(၂၅)ဦး၊ ဆီစက်လုပ်ငန်းလုပ်ကိုင်သူ(၁)ဦး၊ ပန်းရံလုပ်ကိုင်သူ(၈)ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ(၂၂)ဦး၊ ကားမောင်း၍ အသက်မွေးဝမ်းကျောင်းပြုသူ(၅၃)ဦး၊ ပြည်သူ့ဝန်ထမ်း(၂)ဦး၊ စက်ရုံနှင့်ကုမ္ပဏီတွင်လုပ်ကိုင်သူ(၁၁)ဦး နှင့် ကူလီ/ကျပန်းလုပ်ကိုင်သူ(၄၅)ဦးတို့ရှိကြောင်း တွေ့ရပါသည်။ တစ်ရွာလုံးအနေဖြင့် ခြုံငုံသုံးသပ်ရာတွင် အိမ်ထောင်စုတိုင်းမှာ တွဲဖက်လုပ်ငန်းများလုပ်ကိုင်လျက်ရှိပြီး လုပ်ငန်းတစ်မျိုးထက်ပို၍ (သို့မဟုတ်) လူတစ်ဦးတည်းကအခြားဝင်ငွေရလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်နေကြသည်ကို တွေ့ရှိရ**

ပါသည်။

**(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

**ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား**

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၉၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၅၀၀၀ |
| ၂ | တိရစ္ဆာန်မွေးမြူရေး | နေ့စား | | | | |
| ၃ | ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | | | | |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များထုတ်လုပ်ခြင်း | နေ့စား | | | | |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | ၈၀၀၀ | | ၆၀၀၀ | |
| ၆ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း | နေ့စား | ၁၀၀၀၀ | ၇၀၀၀ | ၈၀၀၀ | ၆၀၀၀ |
| ၇ | ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်း များ ပြင်ဆင်ရေး | နေ့စား | | | | |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၄၀၀၀ | ၃၅၀၀ | ၃၀၀၀ | ၂၅၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်) | နေ့စား | | ၅၀၀၀ | | ၄၀၀၀ |
| ၁၀ | ဟိုတယ်နှင့် စားသောက်ဆိုင် | နေ့စား | | | | |

| # | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး (ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| | လုပ်ငန်း | | | | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း – ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။ ကျေးရွာရှိအလုပ်လုပ်ကိုင်သူများ၏လုပ်အားခမှာ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်သူကျား(၉၀၀၀)၊ မ(၆၀၀၀)၊ တစ်နိုင်တစ်ပိုင်မွေးမြူရေးလုပ်ကိုင်သူ ကျား(၆၀၀၀)၊ မ (၅၀၀၀)၊ ကုန်ထုတ်လုပ်ငန်းလုပ်ကိုင်သူကျား(၁)ဦးလျှင်အများဆုံး (၈၀၀၀)အနည်းဆုံး(၆၀၀၀)ရှိပြီး အမျိုးသမီး လုပ်ကိုင်သူမရှိပါ။ ပန်းရံ၊ လက်သမားလုပ်ကိုင်သူများအတွက် အများဆုံးလုပ်ခ ကျား(၁၀၀၀၀) နှင့် မ (၈၀၀၀)၊ စက်ချုပ်လုပ်ငန်းလုပ်ကိုင်သူ မ(၁)ဦးလျှင်အများဆုံး(၅၀၀၀)၊ အနည်းဆုံး(၄၀၀၀)ရရှိပြီး အမျိုး သားလုပ်ကိုင်သူမရှိပါ။ ကိုယ်ပိုင်ယာဉ်မောင်းပို့ဆောင်သူ(၅၃)ဦးရှိပါသည်။ ကျပန်းလုပ်ကိုင်သူများမှာ ကျားအများဆုံး(၆၀၀၀)မှအနည်းဆုံး(၄၀၀၀)သာရရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

| မြေအမျိုးအစား | ဧရိယာ (ဧက) | မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်) |
